မြေပြင်သာကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြေပြင်သာကျေးရွာ၊မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊မေလ

**မာတိကာ**


| | |
|---|---|
| မာတိကာ | ၁ |
| စကားချီး | ၃ |
| မြေပြင်သာကျေးရွာအရင်းအမြစ်ပြမြေပုံ၊မြို့သစ်မြို့နယ် | ၅ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | **၆** |
| (၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၇ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| ( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ | ၈ |
| (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | |
| ( ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၈ |
| (က) လူဦးရေဆိုင်ရာအချက်အလက်များ | |
| ( ခ) စီးပွားရေးအခြေအနေ | |
| ( ဂ) ကျန်းမာရေး | |
| (ဃ) ပညာရေး | |
| ( င) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၀ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | |
| ( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | |
| ( ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| ( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ( စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | |
| ( ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု – လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ | ၁၃ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ | |
| (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ | ၁၅ |
| (က) ရည်မှန်းချက်ပန်းတိုင် | |
| (ခ) နည်းဗျူဟာ | |

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၆
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း
(ခ ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက်အပံ့များဖြည့်ဆည်းပေးခြင်း
(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၈
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
( ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ
(၁) လူမှုစီးပွားရေးအခြေအနေ **၂၉**
(၂) ကျေးရွာ၏**လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** **၃၉**
**နောက်ဆက်တွဲ** (၂)
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)**ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ၂၀၂၂/၂၀၂၃ဘဏ္ဍာရေးနှစ်အထိငါးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့မြေပြင်သာကျေးရွာ၏ကျေးရွာသူ/သားများပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ရွာခွဲတာဝန်ခံများနှင့်မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကိုယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည်လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာအားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုအခြေအနေကာလအပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ရွာခွဲတာဝန်ခံများ၊မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မြို့သစ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂) ပိုင်းပါရှိပါသည်။အပိုင်း (က) တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း (ခ)သည်စီမံချက်ဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံချက်လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


မေလ၊၂၀၁၉ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြေပြင်သာကျေးရွာ

မြို့သစ်မြို့နယ်

## ကျေးရွာအရင်းအမြစ်ပြမြေပုံ၊မြို့သစ်မြို့နယ်




**ရည်ညွှန်း –**

မြေပြင်သာကျေးရွာ၊မြေပြင်သာကျေးရွာအုပ်စု၊မြို့သစ်မြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၉ခုနှစ်၊မေလ၁၆ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

## (၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သောဒင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်ဒင်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကို

နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

**(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ပထဝီဝင်အနေအထားအရမြို့သစ်မြို့နယ်၊မကွေးတိုင်းဒေသကြီးသည်မြန်မာပြည်၏အလယ်ပိုင်းတွင်တည်ရှိပါသည်။မြို့သစ်မြို့နယ်သည်မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင်တည်ရှိ၍မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်တွင်တည်ရှိပါသည်။မြို့သစ်မြို့နယ်သည်မြောက်လတ္တီတွဒ်၂၀ဒီဂရီနှင့်၂၂ဒီဂရီကြားအရှေ့လောင်ဂျီတွဒ်၉၄ဒီဂရီနှင့်၉၆ဒီဂရီအကြားတွင်တည်ရှိပြီးအကျယ်အဝန်းမှာ(၆၁၂.၆၈) ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏အရှေ့ဘက်တွင်မန္တလေးတိုင်းဒေသကြီးရှိရမည်းသင်းမြို့နယ်တို့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိပြီးတောင်ဘက်တွင်မကွေးတိုင်းဒေသကြီးရှိတောင်တွင်းကြီးမြို့နယ်တို့နှင့်ထိစပ်လျက်ရှိပါသည်။အနောက်ဘက်တွင်မကွေးတိုင်းဒေသကြီးရှိမကွေးမြို့နယ်တို့နှင့်ထိစပ်လျက်ရှိပြီးမြောက်ဘက်တွင်မကွေးတိုင်းဒေသကြီးရှိနတ်မောက်မြို့နယ်တို့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

မြေပြင်သာကျေးရွာသည်ပထဝီဝင်အနေအထားအရမြေမျက်နှာသွင်ပြင်မှာမညီမညာဖြစ်ပြီးနေပြည်တော်-မကွေးအဝေးပြေးလမ်းမကြီးမိုင်တိုင်အမှတ်၄၂/မိုင်လမ်းမကြီးမြောက်ဘက်တွင်အမှတ်(၁၇)ကာကွယ်ရေးပစ္စည်းစက်ရုံလမ်းနှင့်၂မိုင်ခန့်အကွာတွင်တည်ရှိပြီးလမ်းပန်းဆက်သွယ်မှုမှာနေပြည်တော်မကွေးလမ်းမကြီးဘေးတွင်တည်ရှိသောကြောင့်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။မြေပြင်သာကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်များ**

**မြေပြင်သာကျေးရွာသည်ကုန်းမြေမြင့်များဖြစ်၍လယ်ယာမြေများသည်မြေများအညီညာ၍မြေဆီလွှာမထိမ်းသိန်းနိုင်သောကြောင့်သီးနှံများအထွက်နှုန်းနည်းပါးပါသည်။ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။လယ်မြေဧက (၅၅)ကျော်သည်စွန်ချောင်းဆည်ရေဖြင့်စိုက်ပျိုးပြီး၊ယာမြေဧက(၅၀၀)ကျော်မှာမိုးရေဖြင့်စိုက်ပျိုးရပါသည်။မြေအောက်ရေအသုံးချမှုနည်းပါးပါသည်။ကျေးရွာအတွင်း၌ယာမြေသီးနှံများဖြစ်သောဝါ၊နှမ်း၊ပဲတီစိမ်းတို့ကိုအဓိကထားစိုက်ပျိုးကြပါသည်။**

**(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

**မြေပြင်သာကျေးရွာတွင်အိမ်ထောင်စုပေါင်း(၂၃၄)စုနှင့်ကျား(၅၈၇)ဦး၊မ(၄၀၀)ဦးရှိပြီးလူဦးရေစုစုပေါင်း(၉၈၇)ဦးရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄/၅)ဦးခန့်ရှိပြီးဗုဒ္ဓဘာသာ၊မြန်မာလူမျိုးများဖြစ်ပြပါသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေမှာ(၇၅%)ရှိပြီး၊လူဦးရေစုစုပေါင်း(၂၀%)ခန့်သာမှီခို**

သူများဖြစ်သည့်အတွက်အလုပ်လုပ်ကိုင်နိုင်သူအတင့်အသင့်ရှိပါသည်။ကျေးရွာရှိအမျိုးသမီးဦးရေနှင့်အမ
ျိုးသားဦးရေမှာအမျိုးသားဦးရေကပိုများပါသည်။

**(ခ) စီးပွားရေးအခြေအနေ**

မြေပြင်သာကျေးရွာ၏ဥစ္စာခနေအဆင့်သတ်မှတ်မှုတွင်အိမ်ထောင်စုအားလုံး၏ဆင်းရဲနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုများ(၈၀%)နှင့်
(၁၂%)ခန့်သည်အလယ်အလတ်အဆင့်ရှိသည့်အိမ်ထောင်စုများဖြစ်ပြီး
(၈%)ခန့်သည်ချမ်းသာသည့်အိမ်ထောင်စုများဖြစ်ကြပါသည်။ကျေးရွာတွင်ယာမြေပိုင်ဆိုင်မှုသည်မြို့ပြဇ
ရိယာလက်လှမ်းမီမှုတို့ကြောင့်ကျေးရွာ၏စီးပွားရေးအခြေအနေမှာအသင့်အတင့်ရှိပါသည်။ကျေးရွာတွင်ယာမြေပိုင်ဆိုင်မှုများပြီးစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော်လည်းကျေးရွာ၏အချမ်းသာဆုံးဟုသတ်မှတ်ထားသည့်တောင်သူကြီးများတွင်ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောစက်ပစ္စည်းပိုင်ဆိုင်မှုမှာနည်းပါးပါသည်။

**(ဂ) ကျန်းမာရေး**

ကျေးရွာတွင်သားဖွားဆရာမတစ်ယောက်သာရှိ၍ကျေးရွာလူထုကျန်းမာရေးအတွက်လုံလောက်မှုမရှိပါ။ကျေးရွာတွင်တီဘီရောဂါ၊ဆီးချို၊သွေးတိုးရောဂါရှိသူများအနည်းငယ်ရှိပြီးမိုးတွင်းကာလအတွင်းဝမ်းပျက်၊ဝမ်းလျှောရောဂါနှင့်ရာသီအကူးအပြောင်းကာလများတွင်တုပ်ကွေးရောဂါနှင့်ငှက်ဖျားရောဂါများအနည်းငယ်ဖြစ်လေ့ရှိပါသည်။အရေးပေါ်ကျန်းမာရေးအခြေအနေဖြစ်ပွားပါက(၁၀)မိုင်ခန့်ကွာဝေးသည့်ပြ
ြို့သစ်ဆေးရုံသို့သွားရောက်ကုသမှုခံယူရပါသည်။ကျေးရွာတွင်အရေးပေါ်ကျန်းမာရေးအခြေအနေဖြစ်ပွ
ားပါကနီးစပ်ရာဆေးပေးခန်းမရှိခြင်း၊အရေးပေါ်လူနာတင်ယာဥ်မရှိခြင်းတို့ကြောင့်ကျန်းမာရေးအတွက်အလွန်အဆင်မပြေဖြစ်ရပါသည်။

**(ဃ) ပညာရေး**

မြေပြင်သာကျေးရွာတွင်အခြေခံပညာအထက်တန်းကျောင်းရှိပြီးကျောင်းသား/ကျောင်းသူဦးရေ(၅၀၀)ကျော်ခန့်ရှိပါသည်။ဆရာ/ဆရာမ(၂၂)ဦးရှိပြီးဆရာ/ဆရာမလုံလောက်မှုရှိပါသည်။မြေပြင်သာကျေးရွာရှိကျောင်းအဆောက်အဦးမှာအုပ်ညှပ်တိုက်ကျောင်းဆောင်ပေ(၁၀၀)ဆောင်(၂)ဆောင်ရှိပါသည်။ကျောင်းဆောင်အားဖြင့်လုံလောက်မှုမရှိပါ။ကျောင်းမြေအကျယ်အဝန်းမှာမြေဧက(၁၆.၅၆)ဧကရှိပါသည်။အထက်တန်းကျောင်း၏အင်္ဂါရပ်များဖြစ်သောမေးခွန်းထုတ်နိုင်ရန်အတွက်ကွန်ပျူတာ၊မိတ္တူကူးစက်နှင့်လျှပ်စစ်မီးတို့လိုအပ်ပါသည်။

**(င) ကျားမဆိုင်ရာဆက်နွယ်မှု**

မြေပြင်သာကျေးရွာတွင်အမျိုးသားဦးရေ
(၅၈၀)ဦးနှင့်အမျိုးသမီးဦးရေမှာ(၄၀၇)ဦးရှိပြီးအမျိုးသမီးလုပ်သားဦးရေမှာအမျိုးသားလုပ်သားဦးရေထက်(၇၀%)ခန့်နည်းပါးပါသည်။ကျေးရွာအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အဖွဲ့အစည်းများဖွဲ့စည်း

**ရာတွင်အမျိုးသားများကော်မတီကိုယ်စားလှယ်အဖြစ်သာဝင်ဖွဲ့စည်းပြီးအမျိုးသမီးများမှာအိမ်မှုကိစ္စများဆောင်ရွက်နေရခြင်းတို့ကြောင့်ပါဝင်မှုခေါင်းဆောင်မှုနည်းပါသည်။**

## (၄) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင်ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

**မြေပြင်သာကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဖွဲ့(၆)ဖွဲ့ကိုဖွဲ့စည်းထားကြ**ပါသည်။ကျေးရွာရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊လမ်းကော်မတီအဖွဲ့၊ဂေါပကအဖွဲ့၊ဝတ်အသင်းအဖွဲ့၊ကျောင်းကော်မတီအဖွဲ့စသဖြင့်သက်ဆိုင်သောကိစ္စရပ်များဆောင်ရွက်ရန်အတွက်ရည်ရွယ်ဖွဲ့စည်းထားပါသည်။

ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင်ပူးပေါင်းပါဝင်မှုဖြင့်ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။ဤကော်မတီသည်လုပ်ငန်းကဏ္ဍအလိုက်ရည်ရွယ်၍ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပုံမှန်အစည်းအဝေးပြုလုပ်၍အစီအစဉ်ရေးဆွဲခြင်း၊ညှိနှိုင်းဆောင်ရွက်ခြင်း၊လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည်ဖြင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

မြေင်ပြင်သာကျေးရွာတွင်မြေယာမဲ့ (၁၀၀) အိမ်ထောင်စုရှိပြီးတောင်သူ (၁၃၄) အိမ်ထောင်စုရှိသည်။စပါး၊နှမ်း၊ကုလားပဲနှင့်ခရမ်းချဉ်ကိုအဓိကစိုက်ပျိုးကြပြီးၚင်းတို့အနက်စပါးကိုအဓိကထားစိုက်ပျိုးကြသည်။ဝါတစ်ကေအထွက်နှုန်းမှာပျမ်းမျှ(၄၀၀)ပိဿာဖြစ်သည်။နှမ်းတစ်ကေအထွက်နှုန်းမှာပျမ်းမျှ
(၃၀၀)မှ(၄၀၀)တင်း၊ကုလားပဲတစ်ကေအထွက်နှုန်းမှာပျမ်းမျှ(၁၅)ပိဿာနှင့်ခရမ်းချဉ်တစ်ကေအထွက်နှုန်းမှာပျမ်းမျှ (၁၁၀၀)ပိဿာဖြစ်ပါသည်။

စိုက်ပျိုးမြေမှာလယ်(၅၅)ကေ၊ယာမြေ(၅၀၀)ကေ၊စုစုပေါင်း(၅၅၅)ကေရှိ၍တောင်သူလုပ်ငန်းအတွက်လိုအပ်သောလုပ်အားကိုမြေယာမဲ့ကျပန်းနှင့်တောင်သူငယ်များကိုမှီခိုအားထားရပါသည်။

မွေးမြူရေးအနေဖြင့်ကြက်၊ဝက်နှင့်နွားတို့ကိုမွေးမြူကြပြီးစိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်ကြသည်။ဈေးကွက်အလုံအလောက်ရှိသော်လည်းဈေးကွက်အတွက်လွတ်လပ်စွာရောင်းချခွင့်လိုင်စင်ရရန်ခက်ခဲခြင်းနှင့်လိုင်စင်ရှိသူများ၏ခေါင်းပုံဖြတ်ခံရခြင်း၊ဒေသတွင်းဈေးကွက်ကိုသာရောင်းချနိုင်ပြီးမြို့နယ်ပြင်ပသို့အကောင်လိုက်သယ်ယူရောင်းချရန်အကန့်အသတ်များရှိနေခြင်း၊နှစ်စဉ်ကျရောက်သောရောဂါများကို

ထိရောက်စွာကာကွယ်နိုင်မှုနည်းပညာဝန်ဆောင်မှုမရရှိခြင်းနှင့်စားကျက်မြေရှားပါးခြင်းတို့ကြောင့်ဝင်ငွေရလုပ်ငန်းအဖြစ်မွေးမြူလုပ်ကိုင်ခြင်းမရှိပါ။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာအတွင်းတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများအဖြစ်တောင်သူယယ်များသည်စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားအလုပ်လုပ်ခြင်း၊ပန်းရံ၊လက်သမားလုပ်ကိုင်ခြင်း၊ဆိုင်ကယ်ပြင်ဆိုင်၊သယ်ယူပို့ဆောင်ရေး၊အစိုးရဝန်ထမ်း၊စက်ချုပ်၊ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း၊ဆိုင်ကယ်ပြင်၊အိမ်ဆိုင်ရောင်းဝယ်ခြင်းလုပ်ငန်း၊ကိုယ်ပိုင်ဈေးကားများ၊ပညာရေးဝန်ထမ်းများ၊ကျန်းမာရေးဝန်ထမ်းများစသည်များဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။**အစိုးရဝန်ထမ်းမှလွဲ၍ကျန်အလုပ်များမှာပုံမှန်ဝင်ငွေမရှိကြပါ။တောင်သူယယ်များအတွက်စိုက်ပျိုးရေးလုပ်ငန်းများတွင်နေ့စားလုပ်ခြင်း၊စိုက်ပျိုးရေးလုပ်ငန်းမှာအဓိကဝင်ငွေရလုပ်ငန်းဖြစ်သော်လည်းမွေးမြူရေးနှင့်အခြားလုပ်ငန်းများကိုတွဲဖက်လုပ်ကိုင်ခြင်းဖြင့်စားဝတ်နေရေးကိုဖြေရှင်းကြသည်။ကျေးရွာမှကျပန်းအိမ်ထောင်စုများမှာကျေးရွာ၌အလုပ်မရှိချိန်တွင်အခြားဒေသများသို့ကာလတိုသွားရောက်လုပ်ကိုင်ကြသည်။ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊လုပ်အားခနည်းခြင်း၊ပြည်တွင်းပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်နေကြသည့်အတွက်အလုပ်သမားရှားပါးပါသည်။အသက်မွေးဝမ်းကျောင်းမှုပညာများကျွမ်းကျင်စွာတတ်မြောက်ရန်နည်းပညာပံ့ပိုးမှုများမရှိသည့်အတွက်အခြားဒေသသို့သွားရောက်၍လုပ်သားအဖြစ်သွားရောက်လုပ်ကိုင်နေကြရသည့်အိမ်ထောင်စု(၂၀)စုရှိပါသည်။**

**(ဃ)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

**မြေပြင်သာကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းတွင်သီးနှံများပိုးမွှားရောဂါများကျရောက်ပါကဓါတုဆေးဝါးများအဓိကအသုံးပြုကြပြီးစနစ်တကျဖျက်ပိုးကာကွယ်နှိမ်နှင်းမှုမရှိခြင်းနှင့်ဖျက်ပိုးကာကွယ်နှိမ်နှင်းနည်းပညာအားနည်းခြင်းများကြောင့်သီးနှံအထွက်နှုန်းအနည်းငယ်လျော့နည်းကြသည်။စပါးစိုက်ပျိုးလယ်မြေများတွင်လည်းရွာတွင်းမှသဘာဝမြေဩဇာဖြစ်သည့်နွားချေးမြေဩဇာအနည်းငယ်ကိုသာအသုံးပြုနိုင်၍ဓါတုဓါတ်မြေဩဇာများအားနှစ်စဉ်ဆက်တိုက်အသုံးပြုခြင်းတို့ကြောင့်စိုက်ပျိုးမြေများတွင်မြေဆီလွှာများအဆင့်အတန်းကျဆင်းမှုရှိပါသည်။လယ်မြေဧက(၅၅)ခန့်မှာစွန်ချောင်းဆည်မှစိုက်ပျိုးလုပ်ကိုင်ရသည်။ကျေးရွာရှိအိမ်ထောင်စုများမှပလပ်စတစ်နှင့်အမှိုက်များအားမီးရှို့ခြင်းလုပ်ဆောင်ပြီးပိုးသတ်ဆေးဘူးများကိုလည်းစနစ်တကျမစွန့်ပစ်ခြင်းကြောင့်ပတ်ဝန်းကျင်မသန့်ရှင်းမှုနှင့်အပင်နှင့်မြေဆီဩဇာထိခိုက်ခြင်းတို့အသင့်အတင့်ရှိပါသည်။စီမံခန့်ခွဲမှုအပိုင်းအနေဖြင့်ထူးထူခြားခြားလုပ်ဆောင်ကြခြင်းမရှိကြပါ။**

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင်စိုက်ဘဏ်မှ(၈၀)ဦးခန့်ကိုကျပ်သိန်း(၈၀၀)ချေးထားပါသည်။လယ်ယာပုံစံ(၇)မရှိသူများနှင့် ( ၁ )ဧကအောက်တောင်သူယယ်များမှာစိုက်ပျိုးရေးချေးငွေမရပါ။လယ်( ၁ )ဧကကို

(၁၅၀၀၀၀/)နှုန်းနှင့်ယာ(၁)ကေကို(၅၀၀၀၀/)နှုန်းသာရရှိသောကြောင့်စိုက်ပျိုးရေးစရိတ်လုံလောက်မှုမရှိပါ။သမဦးစီးဌာနမှအောက်ချင်းလယ်ထွေးဟူ၍ဝင်ကြေးငွေ( ၅၀၀၀/- )ပေး၍လူဦးရေ (၄၅)ဦးအား(၁)ဦးလျှင်(၂၁၀၀၀၀/-
)နှုန်းဖြင့်ချေးပေးသည်။ပက်မြန်မာမှ(၁၀၀)ဦးခန့်အတွက်အမြင့်ဆုံး(၆၀၀၀၀၀/)အထိချေးပေးသည်။(၁၄
)ရက်(၁)ကြိမ်ပြန်ဆပ်ရသည်။ကျေးရွာအတွင်းရှိငွေတိုးချေးသူများထံမှငွေချေးလျှင်(၈%)နှုန်းနှင့်အထက်အတိုးပေးရသောကြောင့်ငွေချေးသူဆင်းရဲသားအိမ်ထောင်စုများမှာအကြွေးအမမြဲတင်၍မိသားစုစားဝတ်နေရေးအတွက်ဝမ်းစာလုံလောက်မှုမရှိပါ။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**ကျေးရွာတွင်အခြေခံပညာအထက်တန်းကျောင်းရှိပါသည်။ကျေးရွာရှိကျောင်းတွင်ကျောင်းသူ၊ကျောင်းသားဦးရေ(၅၅၀)ဦးရှိပြီးဆရာ/ဆရာမ(၂၂)ဦးရှိ၍ဆရာ/ဆရာမလုံလောက်မှုရှိပါသည်။အုပ်ညှပ်တိုက်ကျောင်းဆောင်(၃)ဆောင်နှင့်သွပ်မိုးအုပ်ကာကျောင်း(၁)ဆောင်ရှိပါသည်။သွပ်မိုးအုပ်ကာကျောင်းဆောင်မှာရွာမှကိုယ်ထူကိုယ်ထဆောင်ရွက်ထားပြီးယခုအခါမျက်နှာကျက်တပ်ဆင်ရန်နှင့်ဆေးသုတ်ရန်ကျန်ရှိနေပါသည်။ကျောင်းသားဦးရေတိုးတက်နေသည့်အတွက်ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ပေးရန်ပညာရေးဦးစီးဌာနသို့တင်ပြတောင်းခံထားပြီးဖြစ်သည်။ယခုလက်ရှိသွပ်မိုးအုတ်တက်ကျောင်းဆောင်မှာဆေးသုတ်မျက်နှာကျက်ကပ်ရန်အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကျေးရွာတွင်ကျောင်းသား( ၂၄ )ဦးလျှင်ဆရာ( ၁ )ဦးနှုန်းရှိသည့်အတွက်ဆရာ/ဆရာမလုံလောက်မှုရှိပါသည်။ကျေးရွာရှိမိသားစုများ၏စီးပွားရေးအခက်အခဲများကြောင့်မူလတန်းဖြင့်ကျောင်းထွက်မှုများပြားပါသည်။အမျိုးသမီးများအားရေးတတ်ဖတ်တတ်ရုံသာကျောင်းထားသည့်ရှေးရိုးစွဲအယူအဆများရှိနေသေးသည်။ကျေးရွာတွင်မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ်မရှိပါ။ကျေးရွာရှိစာသင်ကျောင်းဝန်းမှာဘောလုံးကွင်းတည်ဆောက်ရန်မြေနေရာရှိ၍ကျောင်းအားကစားဆိုင်ရာပစ္စည်းများမှာလျော့နည်းပါသည်။**

**ကျန်းမာရေးကဏ္ဍအတွက်ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်းလက်ရှိအခြေအနေတွင်ဆေးခန်းသုံးပစ္စည်းများနှင့်ကုတင်လုံလောက်မှုမရှိပါ။ကျေးရွာတွင်ဖျားနာနှင့်သာမန်ရောဂါဝေဒနာသာရွာဆေးခန်းတွင်ပြသကြပြီးမီးဖွားခြင်းနှင့်အရေးပေါ်ကျန်းမာရေးအခြေအနေများဖြစ်ပွားပါကအသုံးပြုရန်လူနာတင်ယာဉ်မရှိသည့်အတွက်နီးစပ်ရာမြို့သစ်မြို့နှင့်မြို့သစ်မြို့တို့မှလူနာတင်ယာဉ်ငှားရမ်း၍မြို့သစ်၊နတ်မောက်၊မကွေးနှင့်နေပြည်တော်မြို့များသို့သွားရောက်ဆေးကုသမှုခံယူကြသည်။ခရီးစရိတ်မှာမြို့သစ်သို့(၂၀၀၀၀)ကျပ်၊ မကွေးသို့(၄၀၀၀၀) ကျပ်နှင့်နေပြည်တော်သို့(၈၀၀၀၀)ကျပ်ခန့် အခကြေးငွေယူကာပို့ပေးကြသည်။ပက်မြန်မာ အဖွဲ့ဝင်များဖြစ်ပါကရွာတွင်မီးဖွားလျှင်(၃၀၀၀၀/-)ကျပ်၊ဆေးရုံတက်ပါက(၅၀၀၀၀/-)ကျပ်နှင့်ခွဲစိတ်မွေးဖွားပါက(၁၀၀၀၀၀/-)ကျပ်၊သေဆုံးပါက(၁၀၀၀၀၀/- )ကျပ်ကိုပက်မြန်မာမှထောက်ပံ့ပေးပါသည်။**

**ကျေးရွာတွင်ရေတွင်းနှင့်တုံကင်ရေတွင်းများမှသောက်သုံးရေကိုအသုံးပြုကြပါသည်။ကျေးရွာရှိ**

အိမ်တိုင်းနီးပါးတွင်တိုကင်တွင်းများရှိကြသည်။ရေတိုကင်မရှိသည့်အိမ်နီးချင်းများထံမှယူဆောင်အသုံးပြုကြသည်။ကျေးရွာတွင်ရေတွင်း( ၁၀ )တွင်း၊အဝီစိတိုကင်တွင်း( ၂၂၄ )တွင်းရှိပြီးသောက်သုံးရေလုံလောက်မှုရှိသည်။

ကျေးရွာတွင်လက်ရှိယင်လုံအိမ်သာအသုံးပြုသောအိမ်ထောင်စု( ၂၁၄ )အိမ်ထောင်စုရှိပြီးတွင်းအိမ်သာအသုံးပြုအိမ်ထောင်စု( ၃ )စုနှင့်အိမ်သာမရှိသောအိမ်ထောင်စု( ၁၀ )အိမ်ထောင်စုရှိပါသည်။အိမ်သာမရှိသည့်အိမ်ထောင်စုများမှာတောထဲတွင်နေထိုင်ကြသူများဖြစ်ကြသည်။ကျောင်းတွင်ယင်လုံအိမ်သာ( ၆ )လုံးရှိပြီးကျောင်းသားများအတွက်ယင်လုံအိမ်သာ( ၄ )လုံးနှင့်ဆရာ/ဆရာမများအတွက်ယင်လုံအိမ်သာ( ၂ )လုံးဖြစ်ပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာတွင်လူငယ်များအနားယူအပမ်းဖြေရန်နေရာများမရှိသော်လည်း (၁၂)လရာသီပွဲတော်များအားကျင်းပမှုရှိပါသည်။ကျေးရွာတွင်စာကြည့်တိုက်ရှိသော်လည်းစီးပွားရေးအခက်အခဲများကြောင့်အလုပ်များဝင်ရောက်လုပ်ကိုင်နေခြင်းကြောင့်လူငယ်များဖတ်ရှုလေ့လာမှုမရှိပါ။စာကြည့်တိုက်တွင်ကျောင်းတက်နေသည့်ကလေးများသာဖတ်ရှုမှုရှိပါသည်။

**(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု**

မြေပြင်သာကျေးရွာသည်မကွေးနေပြည်တော်ကားလမ်းဘေး မိုင်တိုင်(၄၂)အနီးတွင်တည်ရှိပါသည်။ အရှေ့ဘက်နှင့်အနောက်ဘက်ခြမ်းတွင်တည်ရှိပြီးကျေးရွာတွင်းတွင်အဓိက အသုံးပြုနေသောရွာတွင်းလမ်းအရှေ့မှအနောက်သို့ဆက်သွယ်သောလမ်း(၂)လမ်း၊တောင်ဘက်မှမြောက်ဘက်သို့ဆက်သွယ်သောလမ်း(၂)လမ်းရှိပါသည်။အဆိုပါလမ်းများမှတစ်ဆင့်ရွာ၏သာရေးနာရေးကိစ္စရပ်များကိုအသုံးပြုသွားလာရာတွင်မြေသားလမ်းများဖြစ်နေ၍ကျေးရွာ၏သာရေးနာရေးကိစ္စများဆောင်ရွက်ရာတွင်သွားလာရန်ခက်ခဲသည့်အတွက်ကျေးရွာသူရွာများအားလုံးမပါဝင်နိုင်ခြင်း၊ရွာတွင်မီးဘေးအန္တရာယ်များကျရောက်ပါကမီးသတ်ကားအလွယ်တကူမဝင်ရောက်နိုင်ခြင်းတို့ကြောင့်ရွာတွင်လမ်း(၄)လမ်းအနက်(၃)လမ်းအားကျောက်ချောလမ်းခင်းလိုကြပါသည်။ကျေးရွာအတွင်းတွင်ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသည့်အလျား(၁၈)ပေရှိသည့်ကွန်ကရစ်တံတားတစ်စင်းမှာတစ်နှစ်ပတ်လုံးအသုံးပြုရန်ယာဉ်များသွားလာမှုများသဖြင့်အသုံးပြုရန်အသင့်အတင့်ကောင်းမွန်ပါသည်။သွားလာရေးနှင့်သယ်ယူပို့ဆောင်ရေးအတွကစက်ဘီး(၅၀)စင်း၊ဆိုင်ကယ်(၁၀၅)စီး၊သုံးဘီးဆိုင်ကယ်(၁)စင်း၊ကား(၃)စင်း၊နွားလှည်း(၇၅)ရှိသည်။ကျေးရွာတွင်ဆိုလာဖြင့်ယခုအသုံးပြု၍အ.ထ.ကနှင့်ကျေးရွာအတွက်လျှပ်စစ်မီးလင်းရန်အတွက်လိုအပ်လျှက်ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

မြေပြင်သာကျေးရွာသည်မြို့သစ်မြို့နယ်မြေပြင်သာကျေးရွာအုပ်စုရွာဖြစ်ပြီးကျေးရွာအုပ်ချုပ်ရေးမှူး( ၁ )ဦးသည်ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးတို့အတွက် ရပ်မိရပ်ဖများနှင့်

**ပူးပေါင်း၍စီမံအုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ပါသည်။မြို့သစ်မြို့နယ်ဇရိယာနှင့်အလှမ်းမဝေးသဖြင့်လုံခြုံရေးဝန်ဆောင်မှုများရရှိပြီးကျေးရွာတွင်ကြီးမားသောရာဇဝတ်မှုများမရှိပါ။ကျေးရွာလူထုသည်အာမခံထားရှိမှုအလှမ်းကွာဝေးနေသေးသည်။ မီးဘေးကြိုတင်ကာကွယ်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းထားသော်လည်းအခြားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီများအဖြစ်ဖွဲ့ထားခြင်းမရှိသေးပါ။**

**(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က)ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

မြေပြင်သာကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေစုစုပေါင်းမှာကျား( ၄၄၇ )ဦးနှင့်မ( ၃၀၀ )ဦးစုစုပေါင်း(၇၄၇)ဦးဖြစ်ပြီးကျေးရွာလူဦးရေ၏(၇၅%)ရှိပါသည်။လက်ရှိအထက်တန်းပညာတက်ရောက်သင်ကြားနေသူ(၇၀)ဦး၊တက္ကသိုလ်တက်ရောက်နေသူ(၄၀)ဦးစသည်ဖြင့်တစ်နှစ်ထက်တစ်နှစ်ပညာတတ်ဦးရေများပြားလာသောကြောင့်အနာဂတ်ကာလတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက်လူ့စွမ်းအားအရင်းအမြစ်များရှိနေပါသည်။ကျေးရွာတွင်လက်ရှိလူမှုရေးအဖွဲ့(၆ )ဖွဲ့ရှိနေပြီးမိမိတို့ကျေးရွာအတွက်တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်ဖြင့်ဆောင်ရွက်နေသည်မှာလည်းအားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျေးရွာတွင်လယ်( ၂၃၆ )ဧက၊ယာ ( ၄၀၀ )ဧကနှင့်စုစုပေါင်း (၆၃၆ )ဧကရှိပြီးမြေဩဇာအသင့်အတင့်ရှိပါသည်။ လယ်/ယာမြေများအားစွန်ချောင်းရေလှောင်တမံမှဆည်ရေရရှိသော်လည်းနွေရာသီတွင်အလုပ်သမားရှားပါသည့်အတွက်လုပ်အားခများသောကြောင့်သီးနှံထွက်ရှိမှုတွင်အမြတ်အစွန်းနည်းပါးပါသည်။သီးထပ်များစိုက်ပျိုးခြင်းကြောင့်လည်းဒွန်းပေါက်ခြင်းတို့ကြောင့်သီးနှံစိုက်ပျိုးမှုနည်းပါးပါသည်။မိုးတွင်းကာလ၍ယာမြေများပေါ်တွင်ဝါ၊နှမ်း၊ပဲတီစိမ်းများကိုအဓိကစိုက်ပျိုးပါသည်။

နေ့စားလုပ်ကိုင်သူများရှိသော်လည်းကျေးရွာတွင်ပုံမှန်အလုပ်အကိုင်နှင့်ဝင်ငွေမရှိကြပါ။ထို့ကြောင့်အချို့မြေယာမဲ့ကျပန်းလုပ်ကိုင်သူများမှာပြည်တွင်း၊ပြည်ပသို့ရွှေ့ပြောင်းလုပ်သားအဖြစ်သွားရောက်အလုပ်လုပ်ကိုင်ကြသည်။အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရန်ကျွမ်းကျင်မှုမရှိကြပါ။သင်တန်းများတက်ရန်ကုန်ကျစရိတ်မတတ်နိုင်ခြင်းနှင့်အဆက်အသွယ်များမရှိကြပါ။ဈေးကွက်နှင့်နီးပြီးလမ်းပန်းဆက်သွယ်မှုကောင်းမွန်သော်လည်းဈေးကွက်ချိတ်ဆက်မှုမရှိ။သတင်းအချက်အလက်ရရှိမှုအားနည်းသည်။အလုပ်အကိုင်အခွင့်အလမ်းနှင့်အဆက်အသွယ်အားနည်းသည်။လက်သမား၊ပန်းရံစသည့်လက်ရှိကျွမ်းကျင်မှုအချို့ရှိသော်လည်းအရင်းအနှီးနည်းသည်။၎င်းကျွမ်းကျင်မှုများတွင်လည်းလိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ကျေးရွာ၏ကျန်းမာရေးကဏ္ဍတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်းဆေးခန်းသုံးပစ္စည်းများနှင့်ကုတင်လုံလောက်မှုမရှိပါ။ဗဟုတုတမျာလည်းအားနည်းနေသေးသည်။အခြေခံအဆောက်အဦ

းအနေဖြင့်ကျေးရွာတွင်လမ်းများမှာရာသီမရွေးသွားလာ၍မရသဖြင့်ကျေးရွာ၏သာရေး၊နာရေးကိစ္စရပ်များတွင်ကျေးရွာလူထုအားလုံးပါဝင်နိုင်မှုမရှိပါ။

လက်ရှိကာလတွင်ကျေးရွာရှိလူငယ်အများစုမှာအသက်မွေးအတတ်ပညာလည်းအားနည်းပြီးအလုပ်အကိုင်အခွင့်အလမ်းအားနည်းသည်။လူငယ်များအနေနှင့်သတင်းအချက်အလက်၊ဗဟုတုတရယူရန်အခွင့်အလမ်းများရှိသော်လည်းမှန်ကန်စွာအသုံးချနိုင်မှုအားနည်းပါသည်။မိုဘိုင်းဖုန်းဖြင့်အင်တာနက်အသုံးပြုနိုင်ကြပါသည်။သတင်းမီဒီယာနှင့်ပညာလေ့လာသင်ယူရန်အတွက်အသုံးပြုလေ့မရှိကြသေးပါ။

မြေပြင်သာကျေးရွာတွင်လျှပ်စစ်မီးမရရှိသောကြောင့်အသိပညာလက်လှမ်းမှီမှုအားနည်းပါသည်။သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအမံများလည်းမရှိ၊ဗဟုတုတလည်းမရှိကြသေးပါ။ရာသီဥတုဖောက်ပြန်မှုကြောင့်မိုးခေါင်ခြင်း၊ရေကြီးခြင်း၊မုန်တိုင်းများလည်းကြုံတွေ့လာရသည်။၎င်းအပြင်မြေဆီသြဇာလျော့နည်းခြင်းနှင့်သီးနှံရောဂါပိုးမွှားများလည်းတနှစ်ထက်တနှစ်ဆိုးရွားစွာကျရောက်ဖျက်စီးမှုများလာသည်။သဘာဝအရင်းအမြစ်များကိုလည်းထုတ်ယူသုံးစွဲမှုများပြီးထိန်းသိမ်းမှုအားနည်းသောကြောင့်တဖြည်းဖြည်းရှားပါးလာသသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျွန်ုပ်တို့တလုပ်ပင်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါလူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင်ကျေးရွာသူ/ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့်ပညာရေးကိုအလေးထားပြီးကလေးများနှင့်လူငယ်များအတွက်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်းအောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ၂၀၂၃ခုနှစ်စက်တင်ဘာလကုန်တွင်မြေပြင်သာကျေးရွာအတွင်းရှိအိမ်ထောင်စုများ အားလုံးလျှပ်စစ်မီးသွယ်တန်းအသုံးပြုနေပြီးဖြစ်ရမည်။ကျေးရွာ၏အခြေခံအဆောက်အဦးများဖြစ်သည့်စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောင်အသစ်တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးရေးအတွက်စွန်ချောင်းဆည်အားပြုပြင်ခြင်း၊ ကျေးရွာတွင်လမ်းများအားလုံးကျောက်ချောလမ်းများ အဖြစ်ဆောက်လုပ်ခြင်း၊အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်းစသည့်လူမှုအခြေခံအဆောက်အဦးများပြည့်စုံပြီးလူနေမှုအဆင့်အတန်းမြင့်တက်နေပြီးဖြစ်ရမည်။

(၂) ၂၀၂၃ခုနှစ်စက်တင်ဘာလကုန်တွင်မြေပြင်သာကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည်သီးနှံတိုးတက်ထုတ်လုပ်နိုင်ခြင်း၊တိရိစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့်မိသားစုဝင်ငွေတိုးတက်လာရမည်။

(၃) ပညာရည်တက်မြောက်မှုမြင့်မားလာအောင်ဆောင်ရွက်ခြင်းနှင့်လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့ကြောင့်ကျေးရွာလူငယ်များ၏လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာရမည်။

## (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများကိုအောက်ဖော်ပြပါအကောင်အထည်ဖော်ရေးနည်းဗျူဟာများကိုကျင့်သုံး၍စနစ်တကျဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုရောက်ရှိမည်ဟုယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ရောက်ရှိရေးအတွက်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်အစိုးရဌာနများ၊အခြားပြင်ပအဖွဲ့အစည်းများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအားဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ပြင်ပမှနည်းပညာ၊ငွေကြေးစသည့်အကူအညီများရရှိရေးအတွက်ဦးဆောင်မည်ဖြစ်သည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးရွာအတွင်းရှိအခြားအဖွဲ့ကော်မတီများဖြင့်လည်းညှိနှိုင်း၍တာဝန်များကိုခွဲဝေအပ်နှင်းဆောင်ရွက်မည်။
- စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဝင်ငွေတိုးလုပ်ငန်းများအတွက်လက်ရှိလိုအပ်နေသောအရင်းအနှီးကိုဖွံ့ဖြိုးရေးအဖွဲ့များ၊သက်ဆိုင်ရာအစိုးရဌာနများ၊ပုဂ္ဂလိကဘဏ်များ၊ကုမ္ပဏီများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျေးရွာတွင်လက်ရှိရွာတွင်းလမ်းများပျက်စီးခြင်း၊အထက်တန်းကျောင်းရှိသော်လည်းစာသင်ကျောင်းဆောင်လုံလောက်မှုမရှိခြင်း၊ကျေးရွာဆေးခန်းတွင်ဆေးခန်းသုံးပစ္စည်းနှင့်ကုတင်လုံလောက်မှုမရှိခြင်း၊စိုက်ပျိုးရေအတွက်စွန်ချောင်းဆည်တိမ်ကောပျက်စီးနေခြင်းတို့ကြောင့်လူမှုအခြေခံလိုအပ်ချက်များပြည့်စုံမှုမရှိကြပါ။ထို့ကြောင့်ကျေးလက်ဦးစီးဌာန၊ဆည်မြောင်းဦးစီးဌာန၊ပညာရေးဌာန၊ကျန်းမာရေးဌာနတို့နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖွံ့ဖြိုးရေးအဖွဲ့များ၊ပုဂ္ဂလိကအလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
- ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊အသက်မွေးဝမ်းကျောင်းပညာများကျွမ်းကျင်တက်မြောက်စေရန်၊အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲ၍အကောင်အထည်ဖော်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန်လိုအပ်သည်။ထိုသို့စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက်အရင်းအနှီးမတက်နိုင်ခြင်း၊အဆက်အသွယ်အားနည်းခြင်းတို့ကြောင့်အသက်မွေးဝမ်းကျောင်းသင်တန်းများသင်ကြားရန်အစိုးရဌာနများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့များနှင့်ချိတ်ဆက်၍လက်တွေ့အကောင်အထည်ဖော်ရေးအစီအစဉ်ရေးဆွဲဆောင်ရွက်မည်။

## (၇)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန်နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအားအချိန်မှန်ပြန်လည်သုံးသပ်၍ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

မြေပြင်သာကျေးရွာလူထု၏လိုအပ်ချက်တစ်ရပ်တွင်စိုက်ပျိုးရေး၊မွေးမြူရေး၊အခြားဝင်ငွေရလုပ်ငန်းများအတွက်လုံလောက်သောချေးငွေများမရရှိမှုကလည်းအဓိကဖြစ်ပါသည်။ကျေးရွာများတွင်ချေးငွေများထုတ်ချေးပေးနေသောမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာဦးစားပေးဆောင်ရွက်ပေးနေသောကြောင့်ကျေးရွာရှိမွေးမြူရေး၊ဆင်းရဲသားမြေယာမဲ့များအတွက်လည်းဝင်ငွေတိုးလုပ်ငန်းများအတွက်သင့်တော်သောအတိုးနှုန်းဖြင့်ကာလရှည်ချေးငွေများထုတ်ချေးပေးနိုင်သောငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ဘဏ်များ၊ပုဂ္ဂလိကကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်လိုကြသည်။ထို့ကြောင့်ကျေးရွာသူ/သားများလိုအပ်သောချေးငွေများထုတ်ချေးပေးနိုင်ရန်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များကိုလျှော့ချပြီးဒေသလိုအပ်ချက်နှင့်အညီပြောင်းလဲသင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

မြေပြင်သာကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်ချက်တစ်ရပ်မှာစိုက်မွေးထုတ်လုပ်သူငောင်သူများ၏ဈေးကွက်ဆိုင်ရာသဘောသဘာဝများသိရှိမှုအားနည်းခြင်းနှင့်အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက်ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ဒေသထွက်ကုန်များကိုသင့်တော်သောဈေးနှုန်းဖြင့်ရောင်းချနိုင်ရန်ဈေးကွက်သဘောတရားများကိုနားလည်အောင်နည်းလမ်းပြပေးနိုင်မည့်သက်ဆိုင်ရာဦးစီးဌာနများနှင့်အဖွဲ့အစည်းများ၏ပူးပေါင်းလမ်းပြဖေးမမှုများကလည်းအရေးပါလှပါသည်။၎င်းအပြင်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်းမြှင့်တင်ပေးခြင်းဖြင့်စည်သွပ်စက်

ရုံများတည်ထောင်ခြင်းဖြင့်ထွက်ကုန်များကိုတန်ဖိုးမြှင့်ခြင်း၊မြေယာမဲ့နှင့်လူငယ်များအားအလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းများလိုအပ်ပါသည်။

ထို့အပြင်အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာသင်တန်းများစီစဉ်ပေးခြင်းဖြင့်အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကိုဖန်တီးပေးရုံသာမကကျေးရွာများအလိုက်ပြောင်းလဲ လုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသောဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက်လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာရောင်းချမည့်အစားအရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန်နည်းပညာသင်တန်းများရရှိဆောင်ရွက်ခြင်းကလည်းကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကိုထိရောက်စွာအသုံးချနိုင်ရုံမကဒေသတွင်းတစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့်ကျေးရွာ၏ဝင်ငွေရရှိမှုကိုမြင့်မားလာစေမည်ဖြစ်ပါသည်။ထို့နောက်တွင်ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများများပြားလာသည်နှင့်အမျှတစ်ဖက်နိုင်ငံများတွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအားမိမိနေရပ်သို့ပြန်လာ၍လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီးမိသားစုများပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့်ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကိုတစ်ထောင့်တစ်နေရာမှအထောက်အကူပြုနိုင်ပေမည်။

## (၈)ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလက်တွေ့အကောင်အထည်ဖော်စေနိုင်မည့်နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင်အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင်ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်စီမံချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါမည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည်ငါးနှစ်တာအတွက်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင်စိစစ်ရွေးချယ်ထား သည့်ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင်စီမံကိန်း ငါးနှစ်တာကာလအတွင်းငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်းစီမံကိန်း ငါးနှစ်တာအတွင်းထပ်တိုး စီမံချက်များရှိလာနိုင်ပါသည်။

ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက်ဘဏ္ဍာရေးနှင့်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအားပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ကျွန်ုပ်တို့ငါးနှစ်တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်းသည်စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functionalclassification သည်ဝန်ကြီးဌာန၊ဦးစီးဌာနများအတွက်၎င်းတို့နှင့်သက်ဆိုင်သောစီမံချက်များကိုသိရှိနားလည်ရန်အထောက်အကူပြုပါမည်။ Economic classifi–cation သည်စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအားအကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ပညာရေးကဏ္ဍစသည်)၊(ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည်မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure)ဥပမာ–လစာ၊နေ့တွက်စရိတ်၊လုပ်ငန်းလည်ပတ်စရိတ်၊ငှားရမ်းခစသည်များ၊
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure)ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့်ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) ဥပမာ–ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအနက်တက်ရောက်သူကျေးရွာသူ /သားအုပ်စု (၅)

စုထဲမှ(၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကိုအမှတ်ပေးကြပါသည်။အချို့သောစီမံ ချက်များကိုဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

မြေပြင်သာကျေးရွာ၏ဦးစားပေးစီမံကိန်းများကိုကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊လိုအပ်ချက်များကိုအခြေခံ၍ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖော်ထုတ်ခဲ့ကြပါသည်။ဦးစားပေးစီမံကိန်းများကိုအခြေခံ၍အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ –

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| | ၁။မျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးရေး နည်းပညာများရရှိအောင်သင်တန်း များပေးရန် | ၄၅ | ၇ | • စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| | ၂။လယ်ခြားမြောင်းများဖောက်လုပ် ပေးရန် | ၅၈ | ၅ | • ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| | ၃။မြောင်းမကြီးအားတစ်မိုင်ခန့်အုတ်စီရန် | ၄၈ | ၆ | • စက်မှုလယ်ယာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| ***ပညာရေး*** | | | | | |
| | ၄။စာသင်ကျောင်းဆောင်သစ်ဆောက် လုပ်ခြင်းနှင့်အစည်းအဝေးခန်းမ ဆောက်လုပ်ပေးခြင်း။ | ၆၇ | ၄ | • ကျေးရွာရှိကျောင်းကော်မတီအဖွဲ့မှဦးဆောင်၍ပညာရေးဌာန သို့တင်ပြဆောင်ရွက်ခြင်း။ | |
| | ၅။စာသင်ကျောင်းတွင်ဘောလုံးကွင်း ပြုပြင်ပေးရန် | ၂၈ | ၈ | | |
| ***ကျန်းမာရေး*** | | | | | |
| | ၆။ကျန်းမာရေးအဆောက်အဦးနှင့်ဝန်ထမ်း များလိုအပ်ခြင်း။ | ၇၉ | ၃ | • ကျေးရွာလူထုမှတကိုယ်ရေသန့်ရှင်းရေးများလုပ်ဆောင်ခြင်း။<br>• ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |

| | | | | |
|---|---|---|---|---|
| | ဆေးခန်းသုံးပစ္စည်းကိရိယာများလို အပ်ခြင်း။ | | | |
| ***လမ်းပန်းဆက်သွယ်ရေး*** | | | | |
| | ၇။ရွာအတွင်းလမ်း ကျောက်ချောခင်းခြင်း။ | ၁၀၀ | ၁ | • သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| ***မီးလင်းရေး*** | | | | |
| | ၈။လျှပ်စစ်မီးရရှိရန်။ | ၈၉ | ၂ | • သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>• |
| ***လူငယ်နှင့်ယဉ်ကျေးမှု*** | ၉။စာကြည့်တိုက်မြေနေရာနှင့်အဆောက် အဦးဆောက်ရွက်ရန်။ | ၁၈ | ၁၀ | ကျေးရွာရှိရပ်မိရပ်ဖများမှဦးဆောင်၍သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| ***အခြားဝင်ငွေရလုပ်ငန်းများ*** | | | | |
| | ၉။ချေးငွေလုပ်ငန်းများရရှိအောင်ဆောင် ရွက်ခြင်း။ | ၂၃ | ၉ | • ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍တင်ပြတောင်းခံခြင်း။ |

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကိုကွင်းဆင်းဆောင်ရွက်ချက်များအားအခြေခံ၍ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း(Project) | ဦးစားပေးအဆင့် | ၂၀၁၈ – ၂၀၁၉ | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းကျောက်ချောခင်းခြင်း | ၁ | ✓ | | | | |
| ၂ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၂ | | ✓ | | | |
| ၃ | ကျန်းမာရေးအဆောက်အဦးနှင့်ဝန်ထမ်းများရရှိအောင်ဆောင်ရွက်ခြင်း | ၃ | | | ✓ | | |
| ၄ | စာသင်ကျောင်းဆောင်နှင့်အစည်းအဝေးခန်းမရရှိအောင်ဆောင်ရွက်ခြင်း | ၄ | | | | ✓ | |
| ၅ | လယ်ခြားမြောင်း(၄)ခုဖောက်လုပ်ပေးရန် | ၅ | | ✓ | | | |
| ၆ | မျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးရေးနည်းပညာများရရှိအောင်ဆောင်ရွက်ရန် | ၆ | | | | | ✓ |
| ၇ | မြောင်းမကြီးအား (၁)မိုင်ခန့်အုတ်စီပေးရန် | ၇ | | | | | ✓ |
| ၈ | စာသင်ကျောင်းရှိဘောလုံးကွင်းပြုပြင်ပေးရန် | | | | | ✓ | |
| ၉ | ချေးငွေစီမံကိန်းများဆောင်ရွက်ပေးရန် | ၉ | | | ✓ | | |
| ၁၀ | စာကြည့်တိုက်မြေနေရာနှင့်အဆောက်အဦးဆောင်ရွက်ပေးရန် | ၁၀ | | | ✓ | | |

## (၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်စီမံကိန်းတွင်ပါဝင်သောအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက်ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကိုလုပ်ငန်းတစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။၎င်းထဲတွင်စီမံချက်၏ရည်ရွယ်ချက်၊အကျိုးခံစားသူဦးရေ၊အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊အခြေခံအဆောက်အဦကိုပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။


အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန်ဦးစားပေးသတ်မှတ်ရာတွင်ဘတ်ဂျက်၊ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ဒေသအတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စရပ်များနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ကျေးရွာလူထုမှငါးနှစ်တာကာလအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက်ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ယင်းသို့ဆောင်ရွက်နိုင်ရန်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာ – လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှပ်နှံမှုအရအသုံးစရိတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာတွင်းလမ်းကျောက်ချောခင်းခြင်း | | | ✓ | | |
| ၂ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | | | ✓ | | |
| ၃ | ကျန်းမာရေးအဆောက်အဦးနှင့်ဝန်ထမ်းများရရှိအောင်ဆောင်ရွက်ခြင်း | | | ✓ | | |
| ၄ | စာသင်ကျောင်းဆောင်နှင့်အစည်းအဝေးခန်းမဆောင်လုပ်ရန် | | | ✓ | | |
| ၅ | လယ်ကြားမြောင်း(၄)ခုဖောက်လုပ်ပေးရန် | | | ✓ | | |
| ၆ | မျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးရေးနည်းပညာများရရှိအောင်ဆောင်ရွက်ရန် | | | | ✓ | |
| ၇ | မြောင်းမကြီးအား (၁)မိုင်ခန့်အုတ်စီပေးရန် | | | ✓ | ✓ | |
| ၈ | စာသင်ကျောင်းရှိဘောလုံးကွင်းပြုပြင်ပေးရန် | | | | ✓ | |
| ၉ | ချေးငွေစီမံကိန်းများဆောင်ရွက်ရန် | | | ✓ | | |
| ၁၀ | စာကြည့်တိုက်မြေနေရာနှင့်အဆောက်အဦးဆောင်ရွက်ရန် | | | ✓ | | |




## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။

ဥပမာ–

ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည်စာသင်ကျောင်းဆောင်နှင့်အစည်းအဝေးခန်းမဆောက်လုပ်ရေးခြင်းကိုတင်ပြတောင်းခံနိုင်ရန်တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလ

ည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ–
ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည်စာသင်ကျောင်းဆောင်နှင့်အစည်းအဝေးခန်းမရရှိနိုင်ရန်မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

## (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ
  (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

